ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

<u>အမိန့်အမှတ် ၁ /၂၀၁၁</u>

နေပြည်တော်၊ ၁၃၇၃ ခုနှစ် ၊ တော်သလင်းလဆန်း ၁ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ၊ ပုဒ်မ ၃(၁) အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ပသို့ တင်ပို့ခွင့်မပြုသော ပစ္စည်းများကို ပြင်ဆင်သတ်မှတ်သည့် အမိန့်ကို ထုတ်ပြန်လိုက်သည် -

ပြည်ပသို့တင်ပို့ခွင့်မပြုသော ပစ္စည်းများအားပြင်ဆင်သတ်မှတ်သည့်အမိန့်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ၊ ပုဒ်မ ၃(၁) အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ပတင်ပို့ခွင့်မပြုသော ကုန်ပစ္စည်းများအနက်မှ အောက်ဖော်ပြပါ လယ်ယာထွက်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့ခွင့်ပြုသော ပစ္စည်းများအဖြစ် ပြင်ဆင် သတ်မှတ်လိုက်သည်-

(က) မြေပဲ၊မြေပဲဆီ

( ခ ) ဆီကြိတ်ရာတွင်အသုံးပြုသော နှမ်းနီ၊ နှမ်းညို၊ နှမ်းဆီ

၂။ ပြည်ပသို့တင်ပို့ခွင့်မပြုသောကျန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်လိုအပ်ချက် အခြေအနေများအပေါ်မူတည်ပြီး အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲသင့်သည်များကို ပြင်ဆင်ဆောင်ရွက် ခွင့်ပြုမည်ဖြစ်ပါသည်။

(ပုံ)ဝင်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စာအမှတ် ၊ စက - ၁၁ / ၂ - ၁၈ / ၂၀၁၁ ( ၉ )
နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

ဖြန့်ဝေခြင်း

၁။ နိုင်ငံတော်သမ္မတရုံး
၂။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
၃။ လွှတ်တော်ရုံး
၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်
၅။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး
၆။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး
၇။ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအားလုံး
၈။ ပြည်ထောင်စုရှေ့နေချုပ်ရုံး
၉။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
၁၀။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
၁၁။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးများ
၁၂။ အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
၁၃။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန
၁၄။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန
၁၅။ ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန
၁၆။ ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
၁၇။ ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
၁၈။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
၁၉။ ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန
၂၀။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
၂၁။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်
၂၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး
၂၃။ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
၂၄။ ဥက္ကဋ္ဌ၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

အမိန့်အရ

(တိုးအောင်မြင့်)
ရုံးအဖွဲ့မှူး